Time to screen

BreastScreen Aotearoa

မြန်မာဘာသာ (Burmese)

မမ်မိုဂရမ် ရိုက်ကူးခြင်း (mammogram)

TimeToBreastScreen.nz

BreastScreen Aotearoa အစီအစဉ်တွင် ပါဝင်သည့်အတွက် ကျေးဇူးတင်ပါသည်။ ဤအချက်အလက်များသည် သင်၏ မမ်မိုဂရမ်အတွက် ပြင်ဆင်ရာတွင် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

မမ်မိုဂရမ်ဆိုသည်မှာ သင့်ရင်သားအတွင်းပိုင်းကို ပြသသည့် ပုံရိပ်များကို ရိုက်ကူးသော X-ray တစ်ခုဖြစ်သည်။ ထိုပုံရိပ်များကို ရင်သားကင်ဆာ လက္ခဏာရှိမရှိ စစ်ဆေးရန်အတွက် အထူးကုဆရာဝန် နှစ်ဦးထံ ပေးအပ်ခြင်း ဖြစ်သည်။

သင်၏ မမ်မိုဂရမ် ပုံရိပ်များကို ရင်သားအစားထိုးခြင်း (implants) ပြဿနာများကဲ့သို့သော အခြားကျန်းမာရေး ပြဿနာများအတွက် စစ်ဆေးခြင်း မပြုပါ။ သင့်ရင်သားတွင် အပြောင်းအလဲ တစ်စုံတစ်ရာကို သတိပြုမိပါက ကျေးဇူးပြု၍ သင့်ဆရာဝန်နှင့် ချက်ချင်းပြသပါ၊ အကြောင်းမှာ ၎င်းတို့ကို စစ်ဆေးရန် လိုအပ်သောကြောင့် ဖြစ်သည်။

သင်၏ မမ်မိုဂရမ်သည် အခမဲ့ ဖြစ်သည်။

BreastScreen Aotearoa ဆေးခန်းများနှင့် ရွေ့လျားဆေးခန်းများကို ရှာဖွေခြင်း

သင်သည် မမ်မိုဂရမ်ကို BreastScreen Aotearoa ဆေးခန်း သို့မဟုတ် ရွေ့လျားဆေးခန်းတွင် ရိုက်ကူးနိုင်ပါသည်။ နေရာအများစုတွင် ဘီးတပ်ကုလားထိုင်ဖြင့် ဝင်ထွက်သွားလာနိုင်ပါသည်။

သင်နှင့် အနီးဆုံး ဆေးခန်း သို့မဟုတ် ရွေ့လျား ယူနစ်ကို ရှာဖွေရန် သို့မဟုတ် သင်၏ မမ်မိုဂရမ် ရိုက်မည့်နေရာကို ပြောင်းလဲရန်၊ သင်၏ စစ်ဆေးမှု ဖိတ်ကြားချက်ပါ လင့်ခ်ကို အသုံးပြုပါ သို့မဟုတ် **0800 270 200**သို့ အခမဲ့ဖုန်းခေါ်ဆိုပါ။ ရွေ့လျားယူနစ် အချိန်ဇယားကို အွန်လိုင်းတွင် ကြည့်ရှုရန် **info.health.nz/keeping-healthy/cancer-screening/breast-screening/breast-screening-clinic-locations**သို့ ဝင်ရောက်ကြည့်ရှုပါ

ကျွန်ုပ် ယခုဘာလုပ်ရမည်နည်း။

သင်၏ ပထမဆုံး မမ်မိုဂရမ်အတွက် သင်၏ စာရင်းသွင်းမှုကို အတည်ပြုရန်နှင့် ရက်ချိန်းယူရန် လိုအပ်ပါသည်။ သင်သည် ဖိတ်ကြားချက်တွင်ပါရှိသော သီးသန့်လင့်ခ်ကို အသုံးပြု၍ သို့မဟုတ် အခမဲ့ဖုန်းနံပါတ် **0800 270 200**သို့ ခေါ်ဆို၍ ပြုလုပ်နိုင်ပါသည်။

သင်သည် စစ်ဆေးမှု ဖိတ်ကြားချက်များကို 2 နှစ်လျှင် တစ်ကြိမ် လက်ခံရရှိပါမည်။ ရက်ချိန်းတစ်ခုစီကို ပေးထားသော လင့်ခ် သို့မဟုတ် အခမဲ့ဖုန်းနံပါတ်မှတစ်ဆင့် စီစဉ်နိုင်ပါသည်။ သင်သည် သင်၏အချက်အလက်များကိုလည်း ပြင်ဆင်နိုင်သလို သင်၏ မမ်မိုဂရမ် စစ်ဆေးမှုပြုလုပ်မည့် အချိန် သို့မဟုတ် နေရာကိုလည်း ပြောင်းလဲနိုင်ပါသည်။ သင်မဖတ်ရသေးပါက **Screening for breast cancer** လက်ကမ်းစာစောင်ကို ကျေးဇူးပြု၍ ဖတ်ရှုပါ။

ရက်ချိန်းတစ်ခုစီမတိုင်မီတွင် သင်သည် အောက်ပါတို့ဖြစ်မဖြစ်ကို ကျွန်ုပ်တို့ မေးမြန်းပါမည် -

- ယခင်က မမ်မိုဂရမ် (Mammogram) ရိုက်ဖူးခြင်း ရှိ/မရှိ
- ဘီးတပ်ကုလားထိုင် အသုံးပြုရန် လိုအပ်ခြင်း ရှိ/မရှိ
- စကားပြန် လိုအပ်ခြင်း ရှိ/မရှိ
- ပခုံး သို့မဟုတ် လက်မောင်း လှုပ်ရှားရာတွင် ပြဿနာ ရှိ/မရှိ
- ရင်သားအစားထိုးခြင်း (breast implants) ရှိ/မရှိ
- နှလုံးခုန်စက် ကဲ့သို့သော နှလုံးစက်တပ်ဆင်ထားခြင်းရှိ၊မရှိ။

သင်သည် ဤအချက်အလက်များကို သင်၏ဖိတ်ကြားချက်တွင်ပါရှိသော လင့်ခ်ကို အသုံးပြု၍ သို့မဟုတ် အခမဲ့ဖုန်းနံပါတ် **0800 270 200**သို့ ခေါ်ဆို၍ ပေးပို့နိုင်ပါသည်။ ကျွန်ုပ်တို့သည် သင်၏ရက်ချိန်းကို ပြောင်းလဲရန် သို့မဟုတ် ရက်ချိန်းအချိန် ပိုမိုပေးရန် လိုအပ်နိုင်ပါသည်။

သင်၏ မမ်မိုဂရမ် ရိုက်မည့်နေ့တွင်

သင့်အား ကူညီပေးမည့်သူတစ်ဦးကို ခေါ်ဆောင်လာနိုင်ပါသည်။ မမ်မိုဂရမ် ရိုက်စဉ်အတွင်း X-ray ရိုက်ကူးမှုများ ပြုလုပ်သောကြောင့် ၎င်းတို့သည် အခန်းထဲမှ ခေတ္တထွက်ပေးရန် လိုအပ်ပါမည်။

- ကျေးဇူးပြု၍ သင်၏ရင်သား သို့မဟုတ် ချိုင်းကြားတွင် ချွေးနံ့ပျောက်ဆေး၊ တဲလ်ကမ်ပေါင်ဒါ၊ အစိုဓာတ်ထိန်းခရင်မ်၊ နေရောင်ကာခရင်မ်၊ ရေမွှေး သို့မဟုတ် ခရင်မ်များကို အသုံးမပြုပါနှင့်။ ဤအရာများသည် X-ray ရိုက်ကူးမှုတွင် ကင်ဆာကို တွေ့ရှိရန် ပိုမိုခက်ခဲစေပါသည်။
- အကယ်၍ သင်သည် သင့်အရေပြားပေါ်တွင် တစ်ခုခု အသုံးပြုထားမိပါက မမ်မိုဂရမ် ရိုက်ကူးပေးမည့် ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်နည်းပညာရှင် (Medical Imaging Technologist - MIT) အား အသိပေးပါ၊ ၎င်းတို့က သန့်စင်ရန် အဝတ်ကို ပေးပါလိမ့်မည်။
- သင့်အား ခါးအထက်ပိုင်းမှ အဝတ်အစားများကို ချွတ်ထားရန် တောင်းဆိုပါမည်။ ရှပ်အင်္ကျီ သို့မဟုတ် ဂျာစီကဲ့သို့သော ချွတ်ရလွယ်ကူသည့် အင်္ကျီများကို ဝတ်ဆင်လာပါ။

- သင်သည် Taonga (မြတ်နိုးဖွယ်ရာ ပစ္စည်း) ကို ဝတ်ဆင်နိုင်သော်လည်း မမ်မိုဂရမ် ရိုက်စဉ်အတွင်း ၎င်းကို နောက်ကျောဘက်သို့ လျှောချထားရန် လိုအပ်နိုင်ပါသည်။ သင်၏ လက်ဝတ်ရတနာများကို ချွတ်ထားခြင်းက ပိုမိုလွယ်ကူသည်ဟု ခံစားရနိုင်ပါသည်။
- လိုအပ်နိုင်သည့်အတွက် စာဖတ်မျက်မှန်ကို ယူဆောင်လာပါ။
- အကယ်၍ သင်သည် ရင်သားအစားထိုးခြင်း (breast implants) ရှိပါက သို့မဟုတ် ဟော်မုန်းအစားထိုးကုသမှု ခံယူနေပါက MIT အား ပြောပြပါ။
- အကယ်၍ သင်သည် pacemaker ကဲ့သို့သော နှလုံးကိရိယာ ရှိပါက MIT အား ပြောပြပါ။

သင်၏ ရက်ချိန်းသည် 20 မှ 30 မိနစ်ခန့် ကြာမြင့်ပါမည်။

သင် ရောက်ရှိလာသည့်အခါ ဘာဖြစ်မည်နည်း။

သင်ရောက်ရှိလာသောအခါ စာရင်းသွင်းဝန်ထမ်းက သင်၏အမည်နှင့် အချက်အလက်များကို မေးမြန်းပါမည်။ မမ်မိုဂရမ်ရိုက်ရန် သဘောတူကြောင်း ဒီဂျစ်တယ်ပုံစံတစ်ခုကို ဖတ်ရှုပြီး လက်မှတ်ထိုးရန် တောင်းဆိုပါမည်။

သင်၏ အမည်ကို ခေါ်ဆိုပြီးနောက် ဝတ်ရုံ သို့မဟုတ် ဂါဝန်ကို ပေးကာ ခါးအထက်ပိုင်းမှ အဝတ်အစားများကို ချွတ်ရန်အတွက် သီးသန့်နေရာသို့ ပို့ဆောင်ပါမည်။

ထို့နောက်တွင် သင်သည် မမ်မိုဂရမ်စက် (X-ray စက်) ရှိသည့် နေရာသို့ မမ်မိုဂရမ်ရိုက်ပေးမည့် ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်နည်းပညာရှင် (MIT) နှင့်အတူ သွားရောက်ရပါမည်။ MIT များအားလုံးသည် အမျိုးသမီးများ ဖြစ်ကြသည်။ သင်သည် မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများရှိပါက MIT နှင့် ဆွေးနွေးပါ။

မမ်မိုဂရမ် ရိုက်နေစဉ်အတွင်း ဘာဖြစ်မည်နည်း

MIT က သင့်အား မမ်မိုဂရမ် စက်နှင့် နီးကပ်စွာ ရပ်စေပြီး သင်၏ဝတ်ရုံ သို့မဟုတ် ဂါဝန်ကို ဖယ်ပါမည်။ MIT က သင်၏ ရင်သားတစ်ဖက်ကို စက်ပေါ်ရှိ ပလိတ်ပြား နှစ်ခုကြားတွင် ထည့်ပေးပြီး ရင်သားကို မှန်ကန်သည့်နေရာတွင် ရောက်ရှိစေရန် ရွှေ့ပေးပါမည်။ X-ray ရိုက်နေစဉ် MIT သည် ပလိတ်ပြားနှစ်ခုကိုအတူတကွနီးကပ်စေကာ တစ်မိနစ်ခန့်အထိ ရင်သားကို တင်းကျပ်စွာဖိထားပါမည်။

ရင်သားကို ပြားအောင် ဖိထားခြင်းမှာ အောက်ပါတို့အတွက် ဖြစ်သည် -

- X-ray ရိုက်ရာတွင် အသေးစိတ် အချက်အလက်များကို ရှင်းလင်းစွာ မြင်နိုင်စေရန် ရင်သားကို ပါးအောင် ပြုလုပ်ရန်
- သင့်ရင်သားအတွင်းပိုင်းကို ရှင်းလင်းသည့် X-ray ပုံရိပ် ရရှိစေရန် ရင်သားကို ငြိမ်နေအောင် ထားရန်
- ဓါတ်ရောင်ခြည် ပမာဏကို လျှော့ချရန်။

MIT က သင့်ကို သက်သောင့်သက်သာ ဖြစ်စေရန် ကြိုးစားပေးပါမည်၊ သို့သော် ရင်သားကို တင်းကျပ်စွာ ဖိထားခြင်းကြောင့် မသက်မသာ ဖြစ်နိုင်သည်။ ၎င်းသည် သင်၏ရင်သားကို ထိခိုက်မှု မဖြစ်စေပါ။ အကယ်၍ သင်သည် နာကျင်သည်ဟု ခံစားရပါက သင့်ကို ပိုမိုသက်သောင့်သက်သာ ဖြစ်စေရန် MIT အား ပြောပြရန် အရေးကြီးပါသည်။ သင်သည် မမ်မိုဂရမ်ကို ရပ်တန့်ပေးရန် တောင်းဆိုပိုင်ခွင့်လည်း ရှိပါသည်။

MIT က သင်၏ရင်သားအတွက် X-ray ပုံရိပ် အနည်းဆုံး နှစ်ပုံ ရိုက်ကူးနေစဉ်အတွင်း တစ်မိနစ်ခန့်အထိ အလွန်ငြိမ်သက်စွာ ရပ်ပေးရန် တောင်းဆိုပါလိမ့်မည်။

မမ်မိုဂရမ်သည် အရွယ်အစားအမျိုးမျိုးရှိသော ရင်သားများကို X-ray ရိုက်ကူးနိုင်ပါသည်။ ရင်သားကြီးသူများအတွက် X-ray ပုံရိပ်ကောင်းများ ရရှိရန် ပိုမိုခက်ခဲနိုင်ပြီး ပုံရိပ်ဖော်နည်းပညာရှင်သည် သင်၏ရင်သားကို အနေအထား ပြန်လည်ပြင်ဆင်ပေးခြင်းနှင့် ပုံရိပ်များ ပိုမို ရိုက်ကူးရန် လိုအပ်နိုင်ပါသည်။

MIT က သင်၏ X-ray ပုံရိပ်များကို ဓါတ်မှန်ဆိုင်ရာ အထူးကုဆရာဝန်ထံသို့ ပေးပို့ရန်အတွက် အရည်အသွေး ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးပါလိမ့်မည်။ ရင်သား၏အနေအထား မှန်ကန်ပြီး ပုံရိပ်မှာ ဝါးနေခြင်း မရှိစေရပါ။ MIT သည် ကင်ဆာအတွက် စစ်ဆေးနေခြင်း မဟုတ်ပါ၊ စစ်ဆေးခြင်းကို ဓါတ်မှန်ဆိုင်ရာ အထူးကုဆရာဝန်သာ ပြုလုပ်နိုင်ပါသည်။

MIT က X-ray ပုံရိပ်ကောင်းများ ရရှိပြီးသည်နှင့် သင့်မမ်မိုဂရမ်ရိုက်ကူးမှု ပြီးဆုံးကြောင်း အသိပေးမည်ဖြစ်ပြီး သင်သည် အဝတ်အစားလဲလှယ်ကာ ပြန်နိုင်ပါသည်။

သိထားသင့်သည့် အခြားအချက်များ

မိသားစုရာဇဝင်

မိသားစုအတွင်း ရင်သားကင်ဆာဖြစ်ဖူးသည့် ရာဇဝင်ရှိသော အမျိုးသမီးများသည် ထိုရောဂါဖြစ်ပွားနိုင်ခြေ အနည်းငယ် ပိုများပါသည်။ သို့သော်လည်း ထိုအမျိုးသမီး အများစုသည် ရင်သားကင်ဆာ မဖြစ်ပွားပါ။ အမှန်စင်စစ်တွင် ရင်သားကင်ဆာ ဖြစ်ပွားသူအများစုသည် မိသားစုအတွင်း ရောဂါရာဇဝင် ရှိသူများ မဟုတ်ကြပါ။ ထို့ကြောင့် အမျိုးသမီးအားလုံးသည် မိမိတို့၏ ရင်သားတွင် ဖြစ်ပေါ်လာသည့် မည်သည့်အပြောင်းအလဲကိုမဆို သတိပြုမိစေရန်နှင့် ပုံမှန် မမ်မိုဂရမ် စစ်ဆေးမှု ခံယူရန်မှာ အရေးကြီးပါသည်။

ဟော်မုန်းအစားထိုး ကုသမှု

အကယ်၍ သင်သည် ဟော်မုန်းအစားထိုး ကုသမှုခံယူနေပါက ၎င်းသည် သင့်ရင်သားအတွင်းပိုင်းတွင် ဖြစ်ပျက်နေသည်များကို X-ray ဖြင့် ပြသရန် ပိုမိုခက်ခဲစေနိုင်ပါသည်။

ရင်သားအစားထိုးခြင်း (Breast implants)

မမ်မိုဂရမ် မရိုက်မီ သင့်တွင် ရင်သားအစားထိုးခြင်း ရှိပါက MIT အား ကျေးဇူးပြု၍ ပြောပြပါ။ အစားထိုးပစ္စည်းများသည် သင့်ရင်သားတစ်ရှူးအချို့ကို ဖုံးကွယ်ထားနိုင်ပြီး ကင်ဆာကို ရှာဖွေတွေ့ရှိရန် ပိုမိုခက်ခဲစေပါသည်။ ပုံမှန်ထက် X-ray ပိုမိုရိုက်ကူးရန် လိုအပ်နိုင်ပါသည်။ ထို့ပြင် မမ်မိုဂရမ် ရိုက်နေစဉ်အတွင်း ရင်သားအစားထိုးပစ္စည်း ပျက်စီးနိုင်ခြေ အလွန်နည်းပါးစွာ ရှိပါသည်။ ဤအန္တရာယ်မှာ အစားထိုးထားသည်မှာ ကြာမြင့်နေသော ပစ္စည်းများအတွက် ပိုမိုမြင့်မားပါသည်။

ပိုမိုသိရှိလိုပါက သင့်ဆရာဝန်၊ သူနာပြု သို့မဟုတ် Hauora ဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးပါ၊**TimeToBreastScreen.nz** သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် အခမဲ့ ဖုန်းနံပါတ် **0800 270 200**သို့ ခေါ်ဆိုပါ။

Scan the QR code to access available translations of BSA brochures into languages other than English and formats including Braille, audio, Large Print, Easy Read and NZSL.

အခမဲ့ဖုန်းနံပါတ်

0800 270 200

ကျွန်ုပ်၏ ရလဒ်များကို မည်သည့်အချိန်တွင် ရရှိမည်နည်း။

ကင်ဆာလက္ခဏာရှိမရှိ စစ်ဆေးရန်အတွက် အထူးကုဆရာဝန် အနည်းဆုံး နှစ်ဦးက သင်၏ မမ်မိုဂရမ်မှ X-ray ပုံရိပ်များကို ကြည့်ရှုစစ်ဆေးပါမည်။ BreastScreen Aotearoa သည် 2-3 ပတ်အတွင်း သင့်ရလဒ်များနှင့်ပတ်သက်၍ ဆက်သွယ်ပေးပါမည်။ သင်မတားမြစ်ပါက သင့်ရလဒ်များကို သင့်ဆရာဝန်ထံသို့လည်း ပေးပို့ပါမည်။ ၎င်းသည် သင့်ဆရာဝန်အား သင့်ကျန်းမာရေးနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေကို သိရှိစေရန် ကူညီပေးပါသည်။ သင်၏ရလဒ်များ မရောက်ရှိပါက**0800 270 200** သို့ အခမဲ့ဖုန်းခေါ်ဆိုပါ။

ပုံရိပ်များ ရှင်းလင်းမှု မလုံလောက်သောကြောင့် အမျိုးသမီး အနည်းငယ်ကို မမ်မိုဂရမ် ပြန်လည်လာရောက် ရိုက်ကူးရန် တောင်းဆိုပါလိမ့်မည်။

သင့်အချက်အလက်များ

သင်၏ မှတ်တမ်းများနှင့် မမ်မိုဂရမ်များကို ကျန်းမာရေးဆိုင်ရာ အချက်အလက်ကိုယ်ရေးကိုယ်တာ လုံခြုံမှုဆိုင်ရာ ကုဒ်အောက်တွင် BreastScreen Aotearoa က လုံခြုံစွာနှင့် လျှို့ဝှက်စွာ သိမ်းဆည်းထားပါသည်။ ရင်သားစစ်ဆေးရေး အစီအစဉ်၏ အရည်အသွေးကို စောင့်ကြည့်ကူညီရန်အတွက် BreastScreen Aotearoa သည် အောက်ပါတို့ကို စုဆောင်းနိုင်ပါသည် -

- သင်ရရှိပြီးသောကုသမှု နှင့် အနာဂတ်တွင် လိုအပ်နိုင်သည့်ကုသမှု ဆိုင်ရာ အချက်အလက်များ
- သင်၏ ဆေးကုသမှုဆိုင်ရာအချက်အလက်များ၊ မမ်မိုဂရမ်များနှင့်ရီပို့များ။

ဤအချက်အလက်များကို စုဆောင်းခြင်းဖြင့် သင်၏ မမ်မိုဂရမ် များကို ပိုမိုတိကျစွာ စစ်ဆေးနိုင်မည် ဖြစ်သည်။

ရင်သားစစ်ဆေးရေး အစီအစဉ်မှ အချက်အလက်များကို Health New Zealand - Te Whatu Ora သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များက သင်၏ အမျိုးသား ကျန်းမာရေး အညွှန်းနံပါတ် (National Health Index Number) ကို အသုံးပြု၍ စုဆောင်းနိုင်ပါသည်။

သင်၏ ရပိုင်ခွင့်များ

သင်၏ ရပိုင်ခွင့်များကို ကျန်းမာရေးနှင့် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှု အသုံးပြုသူများ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (Code of Health and Disability Services Consumers’ Rights) က ကာကွယ်ပေးထားပါသည်။

ရင်သားစစ်ဆေးနေစဉ်နှင့် BreastScreen Aotearoa နှင့် ဆွေးနွေးပြောဆိုသည့်အခါတွင် သင့်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည် -

1 လေးစားမှုဖြင့် ဆက်ဆံခံရခွင့်။

2 တရားမျှတစွာ ဆက်ဆံခံရခွင့်။

3 ဂုဏ်သိက္ခာနှင့် လွတ်လပ်ခွင့်။

4 သင့်အတွက် သင့်လျော်မည့် ပံ့ပိုးမှုနှင့် ဂရုစိုက်မှု။

5 သင့်အတွက် နားလည်လွယ်သည့်နည်းလမ်းဖြင့် ပြောပြခံရခွင့်။

6 သင့်ကျန်းမာရေးအခြေအနေအကြောင်း ပြောပြခံရခွင့်။

7 သင့်ပြုစုစောင့်ရှောက်မှုနှင့် ပံ့ပိုးမှုအပေါ် ဆုံးဖြတ်ချက်ချခွင့်။

8 သင့်နှင့်အတူ ပံ့ပိုးပေးမည့်သူ သို့မဟုတ် တစ်စုံတစ်ဦးကို ခေါ်ဆောင်လာခွင့်။

9 သင်တန်း၊ သင်ကြားရေး သို့မဟုတ် သုတေသနများတွင် ပါဝင်လိုခြင်း ရှိ/မရှိ ဆုံးဖြတ်ခွင့်။

10 တိုင်ကြားမှုပြုလုပ်ခွင့်။

BreastScreen Aotearoa အဆောက်အအုံအားလုံးသည် သီးခြားစစ်ဆေးထားသော အမျိုးသားအရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီရပါမည်။

သင်သည် BreastScreen Aotearoa ဆေးခန်း သို့မဟုတ် ရွေ့လျား ဆေးခန်းသို့ သွားရောက်သည့်အခါ သင့်ရပိုင်ခွင့်များနှင့် ပတ်သက်၍ ပိုမိုသောအချက်အလက်များကို မေးမြန်းနိုင်ပါသည်။ သင်သည် သင့်ရပိုင်ခွင့်များအကြောင်းကို **hdc.org.nz**တွင် ပိုမိုဖတ်ရှုနိုင်ပါသည်။

ကျန်းမာရေးဆိုင်ရာ အချက်အလက် ကိုယ်ရေးကိုယ်တာ လုံခြုံမှုဆိုင်ရာ ကုဒ် (Health Information Privacy Code) သည် သင့် ကိုယ်ရေးကိုယ်တာကို ကာကွယ်ပေးပါသည်။ သင်သည် ဤကုဒ်အကြောင်းကို **privacy.org.nz**တွင် ဖတ်ရှုနိုင်ပါသည်။

တိုင်ကြားမှုပြုလုပ်နည်း သို့မဟုတ် BreastScreen Aotearoa မှ နုတ်ထွက်နည်းကို သိရှိလိုပါက **0800 270 200**သို့ အခမဲ့ဖုန်းခေါ်ဆိုပါ။ သင်သည် ကျန်းမာရေးနှင့် မသန်စွမ်းသူများ ကော်မရှင် (Health and Disability Commission) ရုံးမှ အကူအညီပေးသူတစ်ဦးထံသို့လည်း **0800 11 22 33**တွင် ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။

Time to screen

BreastScreen Aotearoa

Health New Zealand
Te Whatu Ora

Te Kāwanatanga o Aotearoa
New Zealand Government

This resource is available from **healthed.govt.nz** or your local Authorised Provider. Revised September 2026. **HE10114-MYA**